KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**ခတ်ပုံသတင်း**

ဩဂုတ်လ ၂၉ ရက်၊ ၂၀၂၅ ခုနှစ် /KHRG စာအမှတ်- 25-1-PS1

# မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်တပ်၏တိုက်ခိုက်မှုများကြောင့် အရပ်သားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းထိခိုက်ပျက်စီးမှုများ (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ)

*၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ လက်နက်ကိုင်ဆောင်သူများ၏ စစ်ရေးပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကျရောက်မှုတို့ကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အရပ်သားရွာသားများ၏စားဝတ်နေရေးဖူလုံရန်အတွက် ၎င်းတို့ကြုံတွေ့နေရသောအခက်အခဲစိန်ခေါ်မှုများကို သက်သေအထောက်အထားများနှင့်အတူ ဤသတင်းခတ်ပုံတွင် ဖော်ပြထားပါသည်။ ဤကာလအတွင်း KHRG မှ လက်နက်ကိုင်စစ်သားများအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ ကွပ်ကဲမှုအောက်ရှိ မြန်မာစစ်တပ်မှ အဓိကကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သည့် မတရားသတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အတင်းအကျပ်ရွှေ့ပြောင်းခိုင်းခြင်းနှင့် ရွာသားများ၏အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ် ထပ်ခါတလဲလဲတိုက်ခိုက်မှုများကို သက်သေနှင့်တကွ အထောက်အထားများစွာကို မှတ်တမ်းတင်ရရှိထားပါသည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့်၊ ရွာသားများ ထိခိုက်သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက ၎င်းတို့၏ကောက်ပဲသီးနှံများပျက်စီးသွားခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ထိခိုက်သေဆုံးခြင်းနှင့် အသက်မွေးဝမ်းကြောင်းများအတွက် ၎င်းတို့၏အဓိက မှီခိုအားထားရသည့်အိုးအိမ်ပိုင်ဆိုင်မှုများပျက်စီးရှုံးဆုံးသွားခြင်းနှင့် အစားအစာငတ်မွတ်ခေါင်းပါးခြင်း ကပ်ဘေးအန္တရာယ်များကို ပိုမိုတိုးများလာစေခဲ့ပါသည်။ ယခုဆက်လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်စစ်ရေးပဋိပက္ခနှင့် (SAC) စစ်သားများ၏တိုက်ခိုက်မှုများသည် ရွာသားများ၏လုံခြုံရေးနှင့် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းပြုရန် လွတ်လပ်စွာသွားလာခွင့်နှင့် စားနပ်ရိက္ခာမလုံလောက်မှုတို့ကို ပိုမိုဖြစ်ပေါ်လာစေပါသည်။ ထို့အပြင် ရေကြီးရေလျှံမှု နှင့် အင်းဆက်ပိုးမွှားဝင်ရောက်မှုကဲ့သို့သော သဘာဝဘေး အန္တရာယ်များ ကျရောက်မှုတို့ကြောင့် အသိုင်းအဝိုင်းများစွာတွင် ၎င်းတို့၏ မူလကြုံတွေ့နေရသောအခြေနေကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ ရွာသားများသည် ထိုခက်ခဲနက်နဲသော စိန်ခေါ်မှုများကြားထဲမှ အသက်မွေးဝမ်းကြောင်းများဖူလုံစေရန်အတွက် နည်းလမ်းတစ်ခုအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသောအိမ်မွေးတိရစ္ဆာန်များကို ပြန်လည်ကုသခြင်းနှင့် ယာယီရွှေ့ပြောင်းတိမ်းရှောင်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။*

## ဓာတ်ပုံသတင်း- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် စစ်တပ်၏တိုက်ခိုက်မှုများကြောင့် အရပ်သား များ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းထိခိုက်ပျက်စီးမှုများ (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအထိ)

၂၀၂၄ ခုနှစ်တွင် (မြန်မာပြည်) အရှေ့တောင်ပိုင်းရှိ ဒေသခံရွာသားများသည် ၎င်းတို့၏ စားဝတ်နေရေးဖူလုံရေးအတွက် ဆက်လက်ရုန်းကန်နေကြရပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ တိုက်ခိုက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များ သက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာသောခက်ခဲစိန်ခေါ်မှုများကို KHRG မှ မှတ်တမ်းဓာတ်ပုံပေါင်း ၁,၇၄၃ ကျော်ကို သက်သေအထောက်အထားနှင့်တကွ လက်ခံရရှိထားပါသည်။ ဗမာတပ်မတော်သည် အရပ်သားပြည်သူများနေထိုင်ရာကျေးရွာများ၊ လယ်ကွင်းများ၊ စိုက်ခင်းများ၊ လယ်မြေများနှင့် လမ်းများပေါ်တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးရန်းသမ်းပစ်ခတ်ခြင်းကဲ့သို့သော စစ်ရေးလှုပ်ရှားမှုများမှတဆင့် ပြင်းထန်သောချိုးဖောက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ SAC ၏ အလွဲသုံးစားပြုမှုများထဲတွင် တောင်သူလယ်သမားများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ခရီးသွားလာခွင့် တင်းကျပ်ထားခြင်းနှင့် ရွာသားများ၏ ပိုင်ဆိုင်မှုများလုယက်ခြင်း တို့ပါဝင်ပါသည်။ ဖြစ်စဥ်ချိုးဖောက်မှုအချို့ကို ကော်သူးလေတပ်မတော် (KTLA) ကဲ့သို့သော အခြားသောလက်နက်ကိုင်အဖွဲ့များမှ ချိုးဖာက်ပြုလုပ်ခဲ့ကြပါသည်။ ဤတိုက်ခိုက်မှုများကြောင့် အရပ်သားများထိခိုက်သေဆုံးမှုများဖြစ်ပေါ်စေသည့်အပြင် နေအိမ်များ၊ စပါးကျီများ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် စုဆောင်းငွေများ၊ မွေးမြူရေး၊ လယ်ယာစိုက်ခင်းများ၊ လယ်ယာအဆောက်အဦးနှင့် ကိရိယာများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်အဆောက်အဦးများ၊ ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်များကဲ့သို့သော[1] အခြေခံအသက်မွေးဝမ်းကြောင်းပစ္စည်းများကိုဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်းများကို ဖြစ်စေပါသည်။ ရွာသားများသည် ခက်ခဲစိန်ခေါ်မှုများရှိနေ သော်လည်း ၎င်းတို့၏ ထိခိုက်ဒဏ်ရာရရှိထားသောအိမ်မွေးတိရစ္ဆာန်များကို ပြန်လည်ကုသပေးခြင်း၊ ကုန်ပစ္စည်းနှင့် သီးနှံများကို ၎င်းတို့တိမ်းရှောင်ရာနေရာများသို့ ပို့ဆောင်ခြင်း၊ အနီးနားရှိလယ်ယာမြေများရှိရာသို့ တိမ်းရှောင်ပြောင်းရွှေ့နေထိုင်သွားခြင်း၊ နေအိမ်မီးလောင်မှုမှ ပစ္စည်းအချို့ကိုပြန်ရရန် မီးငြိမ်းသတ်ခြင်း၊ ကျန်ရှိသည့်အရာများကို ပြန်လည်စုဆောင်းခြင်းများ အပါအဝင် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းဖူလုံရန်အတွက် ရုံးကန်ခဲ့ကြပါသည်။

ဤဓာတ်ပုံများတွင်၊ ကရင်ပြည်နယ်ရှိ ခရိုင်ခုနစ်ခုလုံးမှ ဒေသအလိုက်ရွေးခြယ်ထားသည့် ဓာတ်ပုံ ၈၀ ပုံ ပါဝင်သည့် ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ မြိတ်-ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင် တို့ဖြစ်ပါသည်။ ဤဓာတ်ပုံများသည် ဒေသခံရွာသားများအပါအဝင် KHRG မှ လေ့ကျင့်သင်ကြားပေးထားသည့် ဒေသခံအဖွဲ့ဝင်များက ၎င်းတို့သက်ဆိုင်ရာဒေသများရှိ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာကာ ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြပါသည်။ ထိခိုက်လူနာများ၏အမည်၊ ၎င်းတို့၏ ဓာတ်ပုံများနှင့် နေရပ်အတိအကျကို လုံခြုံရေးအရ မဖော်ပြထားပါ။ ဤဓာတ်ပုံများသည် ရွာသားများ၏ အသက်မွေးဝမ်းကြောင်းမှုအပေါ် လက်ငင်းနှင့် ရေရှည်အကျိုးကို သက်ရောက်မှုများရှိစေပါသည်။

[1] *See also:* KHRG, *Defying Hunger : State Administration Council (SAC)'s systematic destruction of civilian livelihoods and food systems in Southeast Burma (January - December 2024)*, May 2025.

# ဒေသခံရွာသားများ၏ နေအိမ်အဆောက်အဦးများနှင့် ပိုင်ဆိုင်မှုများဖျက်ဆီးခံရသည့်သက်သေအထောက်အထား ဓာတ်ပုံမှတ်တမ်းများ




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုရှိ ဒ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ ညနေ ၆ နာရီဝန်းကျင်အချိန်ခန့်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်တို့မှ လေးမိုင် (၄-မိုင်) အခြေစိုက် (SAC) (ခလရ) အမှတ် (၃၉) တပ်စခန်းကို တိုက်ခိုက်ခဲ့ပါသည်။ အဆိုပါကြောင့် ဇန်နဂါရီလ ၁၀ ရက်နေ့တွင် (ခလရ) အမှတ် (၃၉) မှ (SAC) တပ်ဖွဲ့ဝင်များသည် ဒ--- ရွာကျေးရွာထဲသို့ဝင်ရောက်ကာ ရွာသားများ၏နေအိမ် (၁၇) လုံးကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ဘယ်ဘက်ရှိဓာတ်ပုံတွင် လုံးဝပျက်စီးနေသည့်နေအိမ်တစ်လုံးကို ဖော်ပြထားပါသည်။ မီးလောင်သွားသောအိမ်ပိုင်ရှင်များမှာ ကျော်ဃ---, စောဗ---, ဂ---, ဟ--, ဇ---, စ---, က---, နော်လ---, နော်မ---, စောန---, ဝ---, ပ---, စောခ--, ကျော်ရ---, စောစ---, စောတ---, ဌ--- တို့ဖြစ်ပါ သည်။ *(ဓာတ်ပုံ - KHRG)*



KHRG မှ ဤဓာတ်ပုံအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ ဤပုံများကို ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ ခင်ကြီးအထူးဒေသရှိ အအ---ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် (SAC) ဒရုန်းဖြင့် ဗုံးကြဲချမှုကြောင့် ရွာသားတစ်ဦး၏ နေအိမ်တစ်လုံးနှင့် ပိုင်ဆိုင်မှုများအကုန် မီးလောင်ပျက်စီးသွားသည်ကို ဓာတ်ပုံတွင် ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ် နှင့် ဖားအံခရိုင်၊ တနေးချားမြို့နယ်ထကြားရှိ မျိုးသစ်မြို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ (PDF) ပူးပေါင်းတပ်တို့နှင့် (SAC) တပ်ဖွဲ့ဝင်များအကြားတိုက်ပွဲဖြစ်ပွားခဲ့ကာ တိုက်ပွဲအတွင်း (SAC) မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်မှုကြောင့် ပျက်စီးသွားသည့် မျိုးသစ်မြို့ရှိ ရွာသားများ၏နေအိမ်များကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဘယ်ဘက်ခြမ်းရှိ ဓာတ်ပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဘောသေ့ထကျေးရွာအုပ်စု၊ အသ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း (SAC) သည် ဘောသေထဲ့ကျေးရွာအုပ်စုရှိကျေးရွာများထဲ၊ လယ်ယာမြေများ နှင့် ကားလမ်းမများပေါ်တွင် လက်နက်ကြီးပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကို မကြာခဏပြုလုပ်ခဲ့ပြီး ရွာသူ ရွာသားများသည် ၎င်းတို့၏ မိသားစုစားဝတ်နေရေးကို ထောက်ပံ့ရန် သို့မဟုတ် ၎င်းတို့မှ ရွာထဲပြန်လာရာ လုံခြုံမှု မရှိခြင်းတို့ကြောင့် အခက်ဖြစ်စေပါသည်။ ဤဓာတ်ပုံမှာ မတ်လ ၂၁ ရက်နေ့ ညသန်းခေါင်တယံ အချိန်ခန့်တွင် အသ--- ကျေးရွာကို (SAC) တိုက်လေယာဉ်တစ်စင်း လာရောက်ဗုံးကြဲချ ခဲ့မှုကြောင့် ပျက်စီးသွားသော ရွာသားများ၏ နေအိမ် ၄ လုံးထဲမှ ဖျက်ဆီးသွားသည့် နေအိမ်လုံး၏ ပုံကိုဖော်ပြထားပါသည်။ နေအိမ်ပိုင်ရှင်များမှာ နော်အက---၊ အလ---၊ အမ---နှင့် အန--- တို့ ဖြစ်သည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံ ၂ ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း မူတြော်ခရိုင်၊ ဖာပွန်မြို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၌ ဖာပွန်မြို့တွင် (SAC) တပ်များနှင့် (KNLA) ပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားနေစဉ် (SAC) ဘက်မှ ရွာသားတို့၏ နေအိမ်များနှင့် ဈေးဆိုင် အဆောက်အဦးများကို လေကြောင်းတိုက်ခိုက်မှုများစွာ ပြုလုပ်ပြီးနောက်ပိုင်းတွင် ဤဓာတ်ပုံများကို သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံများတွင် လုံးဝပျက်စီးသွားသော ရွာသားများ၏ နေအိမ် အဆောက်အဦးပုံများကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဘယ်ဘက်ခြမ်းရှိ ဓာတ်ပုံတစ်ပုံသည် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးသထူခရိုင်၊ သထုံမြို့နယ်၊ ဝေါ်ရောကျေးရွာအုပ်စုရှိ ဘ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၉) (ရွှေရောင်ပြာကျေးရွာအုပ်စုရှိ ဝပ အခြေစိုက်စစ်စခန်း) သည် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဘ--- ကျေးရွာထဲသို့ လက်နက်ကြီး ၃ လုံးအား ပစ်ခတ်ခဲ့ပါသည်။ ပုံတွင် နော်ဆ---၊အမည်ရှိ ရွာသားတစ်ဦး၏ နေအိမ်၊ အိုး၊ ပန်းကန် နှင့် အိမ်တွင်းပစ္စည်းများ လက်နက်ကြီး ကျည်ကွဲစများ လွင့်စင်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ပုံကိုဖော်ပြ ထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ မောင်မရွာသစ်ကျေးရွာအုပ်စုရှိ၊ အပ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဤပုံသည် ၂၀၂၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် အပ---ကျေးရွာကို SAC မှ ဗုံးကြဲတိုက်ခိုက်ပြီးနောက် ရွာသားတစ်ဦး၏ နေအိမ်နှင့် နေအိမ်ရှိ စားဝတ်နေရေးအတွက် မရှိမဖြစ် လိုအပ်သော အရာများအားလုံး ပျက်စီးသွားသည့် ပုံကိုဖော်ပြထားပါသည်။ အဆိုပါ တိုက်ခိုက်မှုတွင်လည်း နေအိမ်အများအပြား ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*





KHRG မှ ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့၊ မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပလောကျေးနယ်ရှိအခု--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ် သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင်၊ တပ်ဖွဲ့ဝင် ၁၀၀ ခန့်ရှိသည့် SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၅)မှ တပ်ဖွဲ့ဝင်များသည် ပလောနယ်မြေထဲ နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးတခုကို စတင်ခဲ့ရာမှ ၎င်းတို့သည် တော်လှန်ရေး အင်အားစုများနှင့် နှစ်ဘက် အပြန်အလှန် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထို့နောက်, တိုက်ပွဲအပြီးတွင် SAC စစ်သားများသည် ရွာသားများ၏ နေအိမ် အလုံး ၆၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကာ ရွာသားများအား စစ်ဆေး မေးမြန်းခြင်း၊ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်ထိ ကြားရက်များတွင် ပြုလုပ်ခဲ့ကြသည်။ ဤပုံများတွင် စက်တင်ဘာ ၁၉ ရက်နေ့ အခု--- ကျေးရွာရှိ မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်အများအပြားကို

| | |
|---|---|
| | ပုံတွင်ဖော်ပြပါသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ရွာ၏ သားများ အသက်မွေးဝမ်းကြောင်း ဆိုင်ရာလိုအပ်သည့် စက်ပစ္စည်းများနှင့် ကိရိယာများ အပါအဝင် ပိုင်ဆိုင်မှုအားလုံးကို မီးလောင်ဆုံးရှုံးခဲ့ပါသည်။ ထို့ကြောင့် ပလောနယ်ရှိ ရွာသား များသည် ၎င်းတို့၏ နေအိမ်များမှ စားနပ်ရိက္ခာနှင့် လိုအပ်သည့် ပစ္စည်းများ ဆုံးရှုံးသွားသဖြင့် ဆိုးရွားသော စားဝတ်နေရေး အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)* |







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ပရော့လိုကျေးရွာအုပ်စု၊ ယ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခြင်းများမရှိသော်လည်း ဆယ့်ခြောက်မိုင် (ရေပူစမ်း) ကျေးရွာအခြေစိုက် SAC တပ်ဖွဲ့ဝင်များသည် ယ--- ကျေးရွာထဲသို့ လက်နက်ကြီး ၂ ကြိမ်ကို ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီး ၂ လုံးအနက် တစ်လုံးသည် ကျရောက်ပေါက်ကွဲသွားကာ နေအိမ် ၃ လုံးနှင့် နေအိမ်ထဲရှိပစ္စည်းများအပါအဝင် ပစ္စည်းအကုန်ပျက်စီးသွားခဲ့ပါသည်။ ဤဓာတ်ပုံများတွင် ဦးဈ---, ၏နေအိမ်အဆောက်အဦး၊ လျှပ်စစ်မော်တာရေစုပ်စက်တစ်လုံး၊ ရေအေးစက်တစ်ခု၊ အိုးများ၊ ကုလားထိုင်များ၊ အဝတ်အစားများနှင့် အခြားပစ္စည်းများနှင့်အတူ ၎င်း၏ပိုင်ဆိုင်မှုများ အကုန်ပျက်စီးခဲ့သည်ကို ပုံတွင်ဖော်ပြထားပါသည်။[2] *(ဓာတ်ပုံ- KHRG)*

[2] KHRG, “Taw Oo District Short Update: SAC indiscriminate shelling killed one villager and injured six, including children, and destroyed villagers’ property in Daw Hpah Hkoh and Htaw Ta Htoo Townships (October and December 2024)”, February 2025.

## လယ်ယာထွက်ကုန်များ နှင့် အိမ်မွေးတိရစ္ဆာန်များကို ထိခိုက်ပျက်စီးစေသည့် သက်သေအထောက်အထား ဓာတ်ပုံများ





KHRG မှ ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံများကို မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ အောင်ပုနယ်မြေရှိ ဘက--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် SAC (ခလရ) အမှတ် (၂၈၅) မှ လက်နက်ကြီးအလုံး ၈၀ ခန့်ပစ်ခတ်ခဲ့ရာ ရွာသားများ၏ စိုက်ပျိုးခြံများပေါ်သို့လည်းကောင်း၊ ကျေးရွာထဲရှိရွာသား၏ နေအိမ် ၂ လုံးနှင့် စပါးကျီတစ်လုံး လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် (ပုံတွင်ပြထားသည့်အတိုင်း) မီးလောင်ပျက်စီးသွားခဲ့ပါသည်။ နေအိမ်ပိုင်ရှင်များသည် ၎င်းတို့၏ အဖိုးတန်ပစ္စည်းများနှင့်အတူ အခြားပိုင်ဆိုင်မှုအားလုံးကို မီးလောင်မှုတွင် ဆုံးရှုံးသွားခဲ့ပါသည်။ SAC သည် ရွာအတွင်းသို့ မကြာခဏ လက်နက်ကြီး ရန်းသမ်းပစ်ခတ်မှုများ ပြုလုပ်သည့်အတွက်ကြောင့် ရွာသူရွာသားများသည် အခြားနေရာများသို့ ရွှေ့ပြောင်းတိမ်းရှောင်ခဲ့ရပြီး အချို့မှာ ဘေးကင်းသည်ဟု ၎င်းတို့ယူဆရသည့် စိုက်ပျိုးခြံများသို့ ရွှေ့ပြောင်းတိမ်းရှောင်နေထိုင်ခဲ့ရပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မြိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလောနယ်ထဲရှိ ဘခု--- ကျေးရွာတွင် လက်ခံရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပုလောမြို့အခြေစိုက် SAC (ခလရ) အမှတ် (၂၈၅) မှ တပ်သားများသည် ဘခု--- ကျေးရွာထဲသို့ ၁၂၀ မမ လက်နက်ကြီး ၂ လုံးကို ရန်းသမ်းပစ်ခတ်ခဲ့ပါသည်။ အဆိုပါ လက်နက်ကြီးကျည်သည် ရွာသားများ၏ စိုက်ခင်းများနှင့် လယ်ယာမြေထဲ ကျရောက်ခဲ့ပြီး နွားတစ်ကောင် (ပုံတွင်ပြထားသည့်အတိုင်း) ထိခိုက်သေဆုံးပြီး စိုက်ခင်းများလည်း ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ လူသော မြို့နယ်၊ ဘောသေ့ထ့ကျေးရွာအုပ်စုရှိ ဘသ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံတွင် SAC လေကြောင်းတိုက် ခိုက်မှုကြောင့် ဘသ--- ရွာရှိရွာသား တစ်ဦး၏ ကြက်လှောင်အိမ် တစ်ခု ပျက်စီးသွားခဲ့ပုံဖြစ်ပါသည်။ အဆိုပါ လေကြောင်း တိုက်ခိုက်မှုသည် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ ညသန်းခေါင်အချိန်ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုအတွင်း ရွာသားများ၏ နေအိမ် ၄ လုံးလည်း ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*





ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မဲ့နူထ ကျေးရွာအုပ်စုရှိ ဘဂ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ဘဂ---ကျေးရွာကို SAC လေယာဉ်ကြောင်းဖြင့် ဗုံးကြဲခဲ့ပါသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ရွာသားများ၏ ပစ္စည်းဥစ္စာများ ထိခိုက်ပျက်စီးသွားကာ အိမ်မွေးတိရစ္ဆာန်များကိုလည်း ထိခိုက်သေဆုံးသွားစေခဲ့ပါသည်။ ပုံတွင် ထိခိုက်သေဆုံးသွားသည့် ဦးဘဟ--- ၏ အိမ်မွေးဝက် ၂ ကောင်အနက်မှ တစ်ကောင်၏ပုံကို ပုံတွင်ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုရှိ ဘလ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၊ မနက်ပိုင်းတွင် SAC ဒရုန်းတစ်စင်း ဘလ--- ကျေးရွာသို့ ဗုံးလာရောက်ကြဲချခဲ့ပြီး ပေါက်ကွဲမှုကြောင့် စောဘန--- ပိုင် နေအိမ်တစ်လုံးနှင့် စပါးကျီတခုပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံတွင် ပျက်စီးသွားသော စောဘန--- ၏ စပါးကျီပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မူးအထူးဒေသရှိ အယ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် မူးအထူးဒေသ SAC (ခမရ) အမှတ် (၃၀၇) ရွှေဝအခြေစိုက်စစ်စခန်းမှ အဖွဲ့ဝင်တပ်သားများသည်အစျ--- ကျေးရွာနှင့် ဘအ--- ကျေးရွာတို့တွင် ယာယီအခြေစိုက်စခန်းတစ်ခုကိုထူထောင်ကာ မူးအထူးဒေသရှိ အယ--- ကျေးရွာသို့ ၁၂၀ မမ လက်နက်ကြီး ၃ လုံးကို ပစ်ခတ်ခဲ့ပါသည်။ အဆိုပါပစ်ခတ်မှုမှ လက်နက်ကြီးတစ်လုံးသည် ရွာသားတစ်ဦး၏ လယ်ထဲသို့ကျရောက်ပေါက်ကွဲခဲ့ကာ စပါးစိုက်ခင်းများ ပျက်စီးသွားပါသည်။ ထိုသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲမှုကြောင့် ရွာသားများသည် လယ်ထဲအလုပ်ဆင်းရန် ၎င်းတို့လုံခြုံရေးအတွက် ပိုမိုစိုးရိမ်လာရသည်။ ဓာတ်ပုံတွင် လယ်ထဲသို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲသွားသည့်ပုံကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ- KHRG)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ကလေလိုမူနူ ကျေးရွာအုပ်စုရှိ ဘဒ---ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့၊ ညနေ ၄ နာရီဝန်းကျင်အချိန်ခန့်တွင် ဒေါ်ဖားခိုမြို့နယ် သံတောင်ကြီးလမ်းကားလမ်းမအနီးရှိ လေးမိုင်အခြေစိုက် (ခလရ) အမှတ် (၃၉) မှ SAC တပ်ဖွဲ့ဝင်များသည် ဘဒ--- ကျေးရွာသို့ လက်နက်ကြီးများရန်းသမ်း ပစ်ခတ်ခဲ့ပါသည်။ အဆိုပါ ပစ်ခတ်လိုက်သော လက်နက်ကြီးများထဲမှ ရွာသားများ တစ်ဦး၏ စားကျက်မြေ လယ်မြေတစ်ခုထဲ လက်နက်ကြီး တစ်လုံး ကျရောက်ပေါက်ကွဲ သွားခဲ့ပါသည်။ လက်နက်ကြီးကျရောက် ပေါက်ကွဲမှုမှ ကျည်ကွဲစများ လွင့်စင်မှုကြောင့် စောဘဃ---, အမည်ရှိ ရွာသားတစ်ဦး၏ နွားတစ်ကောင် (ပုံတွင်ပြထားသည့်အတိုင်း) ထိခိုက်သေဆုံးသွားခဲ့ပြီး စပါးခင်းအချို့ကိုလည်း ပျက်စီးသွားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်၊ တောင်တီး ကျေးရွာအုပ်စု၊ ဘဘ--- ကျေးရွာ အနီးတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင်၊ တောင်တီး ကျေးရွာအုပ်စုရှိ ရွာများ၏ စိုက်ပျိုး ခြံများနှင့် လယ်မြေများ အပါအဝင် အရပ်သားနယ်မြေများထဲသို့ SAC မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများပြုလုပ်ခဲ့ပါသည်။ ဤ ဓာတ်ပုံတွင် SAC လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပျက်စီး သွားသော ရွာသားတစ်ဦး၏ ရာဘာပင်များကို ဖော်ပြ ထားပါသည်။ အဆိုပါမှ ပေါက်ကွဲမှုကြောင့် အဆ--- အမည်ရှိ ရွာသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ရွာသားများ၏ နေအိမ် များနှင့် အခြားစိုက်ပျိုးပင်များလည်း ထိခိုက်ပျက်စီးသွားခဲ့ ပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤခါတ်ပုံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ အဖ--- ကျေးရွာမှ ၃ မိုင်ခန့်အကွာရှိ အထ--- နယ်မြေတစ်နေရာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့၊ နေ့လည် ၁၂ နာရီဝန်းကျင်အချိန်ခန့်တွင် (သံတောင်ကြီးမြို့အနီးရှိ) ဆယ့်သုံးမိုင် (၁၃-မိုင်) တပ်စခန်းမှ SAC တပ်သားများသည် အဖ--- နယ်မြေအတွင်းသို့ လက်နက်ကြီးကျည် ၂ လုံးကို ရန်းသမ်းပစ်ခတ်ခဲ့ပါသည်။ အဆိုပါပစ်ခတ်မှုမှ လက်နက်ကြီး တစ်လုံးသည် စောည---အမည်ရှိ ရွာသား တစ်ဦး၏ လယ်ကွင်းထဲကျရောက်ပေါက်ကွဲခဲ့ကာ စိုက်ပျိုးထားသော စပါးခင်းအချို့ ပျက်စီးသွားခဲ့ပါသည်။ ရွာသားများသည် စစ်တပ်စခန်းအနီးရှိ လယ်မြေများတွင် အလုပ်လုပ်ရာတွင် လုံခြုံမှုမရှိသောကြောင့် အခြားဒေသရှိ စိုက်ခင်းခြံများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ *(ခါတ်ပုံ - KHRG)*



လက်ဝဲဘက်ရှိပုံသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ သူးကဘီးကျေးရွာအုပ်စု၊ ဘဇ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဤပုံတွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၌, နံ့သာကွင်းမြို့ရှိ SAC တပ်စခန်းမှ တပ်သား များသည် ၁၂၂ မမ လက်နက်ကြီးများ ရန်းသမ်းပစ်ခတ်မှုကြောင့် ဘဇ--- ကျေးရွာရှိ ရွာသားများ မွေးမြူထားသည့်ကြက်များ ထိခိုက် သေဆုံးသွားသည့် ပုံကိုဖော်ပြထားပါသည်။ အဆိုပါ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားများပိုင်ဆိုင်ရာ ပစ္စည်းဥစ္စာများထိခိုက်ပျက်စီးသွားစေသည့်အပြင် ရွာသားများထိခိုက်သေဆုံးသွားခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများလည်း ရှိခဲ့သည်။[3] *(ခါတ်ပုံ- ဒေသခံရွာသား)*

[3] KHRG, "Kler Lwee Htoo District Short Update: SAC drone strikes and indiscriminate shelling caused casualties, destruction, and livelihood and education challenges in Ler Doh Township (November to December 2024)", March 2025.

## စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်များ ဖျက်ဆီးခံရခြင်းဆိုင်ရာ သက်သေဓာတ်ပုံမှတ်တမ်းများ



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မူးအထူးဒေသ၊ ဘပ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ခြေမြန်တပ်မ (တမ) အမှတ် (၇၇) မှ SAC စစ်သားများသည် မူးအထူးနယ်မြေရှိ ဒခ--- ကျေးရွာမှ စတင်ထွက်ခွာလာကာ လယ်ဒိုမြို့နယ်၊ လယ်ဒိုမြို့သို့ သွားရောက်ခဲ့ပါသည်။ အဆိုပါ SAC စစ်သားများသည် ရွာပေါင်းများစွာကို ဖြတ်သန်းသွားခဲ့ရပြီး ယင်းရွာများထဲမှ မူးအထူးနယ်မြေ၊ အဆ---ကျေးရွာရှိ ရွာသားများ၏နေအိမ်အများအပြားကို မီးရှို့ဖျက်ဆီးသွာခဲ့ပြီး ဘပ--- ကျေးရွာရှိ ရွာသားများ၏ ပစ္စည်းဥစ္စာများစွာကို လုယက်ခိုးယူခဲ့ကြပါသည်။ ဤဓာတ်ပုံတွင် SAC စစ်သားများမှ လုယက်ခိုးယူခဲ့သည့် ဆိုင်များထဲမှ ဆိုင်တစ်ခု၏ပုံကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံသုံးပုံကို ဒူးပလာယာခရိုင်၊ ကော့တရိမြို့နယ်၊ နို့ဖိုးကျေးရွာအုပ်စု၊ ဘခ---မြို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်နေ့ မှစ၍ ၁၈ ရက်နေ့အထိ SAC တပ်သားများ နှင့် KNLA ပူးပေါင်းတပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ သင်္ကန်းညီနောင်ရှိ SAC ၏ စစ်ဆင်ရေးကွပ်ကဲမှု စစ်ဖြူဟာ အပါအဝင် (ခလရ) အမှတ် (၃၅၅)၊ အမှတ် (၃၅၆) နှင့် အမှတ် (၃၅၇) စစ်တပ်စခန်းများကို KNLA ကော်ဘရာစစ်ကြောင်းတပ်ရင်း အမှတ် ၁၊ အမှတ် ၂ နှင့် ဘားအံခရိုင်ရှိ KNLA တပ်ရင်း အမှတ် ၁၀၁ နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့က တိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲ ဖြစ်ပွားစဉ်

| | |
|---|---|
| | အတွင်း ဘားအံခရိုင်၊ တနေးချားမြို့နယ်၊ ပြည်သူ လူထုများ ရှိရာ နို့ဖိုးကျေးရွာအုပ်စု နှင့် ထီးဝါ့ဘလော ကျေးရွာအုပ်စု များထဲသို့ နေ့စဉ်ရက်ဆက် SAC မှ လေကြောင်းဖြင့် လာရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့ပါသည်။[4] ဘယ်ဘက်အောက်ခြေရှိ ဓာတ်ပုံ ကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ရိုက်ကူးခဲ့ပြီး SAC လေကြောင်း တိုက်ခိုက်မှုကြောင့် ဘခ--- မြို့ရှိ ပျက်စီးသွားသော ဓာတ်ဆီ ဆိုင်အဆောက်အဦးကို ဖော်ပြထား ပါသည်။ ညာဘက်ထိပ်နှင့် ဘယ်ဘက်ထိပ်ရှိ ဓာတ်ပုံ ၂ ပုံသည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ရိုက်ယူခဲ့ပြီး တိုက်ပွဲအတွင်း နေအိမ်များ၊ သယ်ယူပို့ဆောင်ရေး အတွက် လိုအပ်သောအရာများနှင့် အခြားလိုအပ်သောပစ္စည်း များအပါအဝင် ရွာသားများ၏ဥစ္စာပစ္စည်းများ အကုန်ပျက်စီး ဆုံးရှုံးသွားပုံကို ပုံတွင်ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)* |






[4] KHRG, "Dooplaya District Situation Update: SAC air strikes and shelling caused death, injury, damage, and displacement in Kaw T'Ree Township (December 2023 to March 2024)", March 2025.






ဤဓာတ်ပုံလေးပုံကို ဘားအံခရိုင်၊ တနေးဆါးမြို့နယ်၊ ဝေရှားကျေးရွာအုပ်စု၊ အခ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ခလရ (၂၇၅) တပ်စခန်းမှ SAC စစ်သားများသည် အခ--- ကျေးရွာအတွင်းသို့ (၁၂၀) မမ လက်နက်ကြီး နှစ်လုံး ပစ်ခတ်ခဲ့ပါသည်။ ညာဘက်အပေါ်၊ ဘယ်ဘက်အပေါ်နှင့် ဘယ်ဘက်အောက် ဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ဒေသခံရွာသားများက ရိုက်ကူးထားသည်။ ဘယ်ဘက်အပေါ်ဓာတ်ပုံတွင် SAC ၏ လက်နက်ကြီးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းသွားသည့် ရွာသူတစ်ဦး၏ အိမ်တစ်လုံးကိုဖော်ပြထားပါသည်။ ညာဘက်အပေါ်ဓာတ်ပုံတွင် စမတ်ဖုန်းဆိုင်တစ်ဆိုင်ကို ဖော်ပြထားပြီး၊ ဘယ်ဘက်အောက်ဓာတ်ပုံတွင် ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်ကို ဖော်ပြထားသည်။ ထို ဆိုင်နှစ်ဆိုင်လုံးသည် ဒေသခံရွာသားများပိုင်ဆိုင်သည့်ဆိုင်များဖြစ်ပြီး SAC ၏ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် မီးလောင်ကျွမ်းသွားခဲ့ပါသည်။ ညာဘက်အောက်ဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် ရိုက်ယူခဲ့ပြီး ဘားအံခရိုင်၊ တနေးဆါးမြို့နယ်၊ ဝေရှားကျေးရွာအုပ်စု၊ အခ--- ကျေးရွာမှ ရွာသား စောအရ--- ၏ပစ္စည်းများကို ဖော်ပြထားသည်။ ထိုပစ္စည်းများလည်း SAC ၏ လက်နက်ကြီးဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းသွားခြင်း ဖြစ်သည်။[5] *(ဓာတ်ပုံ– KHRG / ဒေသခံရွာသား)*

[5] KHRG, *"Hpa-an District Short Update: SAC shelling injured villagers, drug issues and livelihood challenges in T'Nay Hsah and Luh Pleh Townships (March to November 2024)"*, May 2025.




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ ကျော်ခီးကျေးရွာအုပ်စု၊ ဘ၀--- ကျေးရွာ၌ ရိုက်ယူထားပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် SAC ဂျက်တိုက်လေယဉ် တစ်စီးသည် ဘ၀--- ကျေးရွာတွင် ပေါင် (၅၀၀) ဗုံး နှစ်လုံးကြဲချခဲ့သည်။ ဗုံးများပေါက်ကွဲမှုကြောင့် ရွာသား နှစ်ဦးသေဆုံးသွားခဲ့ပြီး မိန်းကလေးငယ်တစ်ဦးသည် လက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် အိမ်နှင့် ဆိုင်အချို့လည်း ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ဤဓာတ်ပုံတွင် ရွာသားတစ်ဦး၏ ဆိုင်တစ်ဆိုင်ကို ဖော်ပြထားပြီး၊ အစားအသောက်အပါအဝင် ကုန်ပစ္စည်းအားလုံး ပျက်စီးဆုံးရှုံးသွားသည့်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မြိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ မနောရိဒေသရှိ Mac Oil Palm Company Limited ၏ အဆောက်အအုံများအား ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံများတွင် Mac Oil Palm Company Limited ၏အဆောက်အအုံများနှင့် ပစ္စည်းများပျက်စီးနေမှုကို ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်၊ ဇွန်လနောက်ဆုံးအပတ်တွင် အမည်မသိသော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ကုမ္ပဏီ၏အဆောက်အအုံများကို ခိုးယူခဲ့ပြီး ဓာတ်ဆီ၊ ဆီအုန်းဆီ၊ အင်ဂျင်များနှင့် အခြားစက်ပစ္စည်းများအပါအဝင် အဓိကလိုအပ်သောပစ္စည်းများစွာကို သိမ်းဆည်းသွားခဲ့ပါသည်။ ထိုဖြစ်ရပ်ကြောင့် ရွာသားများနှင့် လုပ်သားများ၏အသက်မွေးဝမ်းကြောင်း ပေါ်သက်ရောက်မှုရှိခဲ့ပြီး၊ ၎င်းတို့သည် ကုမ္ပဏီတွင် အလုပ်လုပ်ခြင်းဖြင့် ဝင်ငွေ ရှာဖွေကြသည်။ *(ဓာတ်ပုံ- KHRG)*

## အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသောစက်ပစ္စည်းများနှင့် ကိရိယာများအား ဖျက်ဆီးမှု သက်သေခံဓာတ်ပုံအထောက်အထားများ







ဓာတ်ပုံသုံးပုံကို KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံများကို မြိတ်ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ အောပူကျေးရွာအုပ်စု၊ စျစျ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် နေ့တွင် SAC ခလရ အမှတ် (၂၈၅) အခြေစိုက်စစ်သားများသည် စျစျ--- ကျေးရွာထဲသို့ ဝင်ရောက်ပြီး ရွာသား ၁၁ ဦး၏ အိမ်များနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများအားလုံးကို မီးရှို့ခဲ့ပါ သည်။ ရွာသားများသည် ၎င်းတို့၏လုံခြုံရေးအတွက် စိုးရိမ်ရသောကြောင့် SAC စစ်သားများရောက်လာမီ လုံခြုံသောနေရာသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ပါသည်။ ဤတိုက်ခိုက်မှု ကြောင့် ရွာသားအချို့သည် စစ်ရှောင်နေရာသို့ ပြောင်းရွှေ့ခဲ့ရပြီး၊ အချို့သည် ဆွေမျိုးများ၏နေအိမ်သို့ ပြောင်းရွှေ့နေရပြီး ကျေးရွာသို့ မပြန်နိုင်ကြသေးပါ။ ဓာတ်ပုံများတွင် SAC စစ်သားများကြောင့် ရွာသားများ၏အိမ်များနှင့် အသက်မွေးဝမ်းကြောင်းပစ္စည်းများ ပျက်စီးသွားသည့်အထောက်အထားများ ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*



ဤဓာတ်ပုံကို KHRG မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လက်ခံ ရရှိခဲ့ပါသည်။ ဤဓာတ်ပုံကို မြိတ်ထားဝယ် ခရိုင်၊ လယ်မူလားမြို့နယ်၊ အောပူကျေးရွာအုပ်စု၊ ဘယ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ပစ်ခတ်တိုက်ခိုက်မှု ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အောပူဒေသရှိ SAC တပ်ဖွဲ့များသည် အရပ်သားနေရာများသို့ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုများ မကြာခဏပြုလုပ်လေ့ရှိပြီး ရွာသားများသည် ၎င်းတို့၏ဘေးရေးအတွက် ထွက်ပြေးတိမ်းရှောင်ရမှုများ ဖြစ်စေခဲ့ပါသည်။ ရွာသားအချို့သည် စစ်ရှောင်စခန်းများသို့ တိမ်းရှောင်ခဲ့ပြီး၊ အချို့သည် လယ်ယာများ၊ စိုက်ခင်းများနှင့် အလုပ်လုပ်ရာနေရာများနှင့် နီးစပ်သောနေရာများကဲ့သို့ လုံခြုံသောနေရာများသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် SAC ၏ ခလရ (၂၈၅) မှ စစ်သားများသည် ဘယ--- ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်ယာများအတွင်းသို့ လက်နက်ကြီး အလုံး (၈၀) ခန့် ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးရမ်းသန်းမှုကြောင့် ရွာသား နှစ်ဦး၏နေအိမ်နှင့် ဂိုဒေါင်တစ်ခု မီးလောင် ပျက်စီးသွားခဲ့ပြီး၊ ၎င်းတို့၏ပိုင်ဆိုင်မှုများအားလုံးလည်း ပျက်စီး ဆုံးရှုံးသွားပါသည်။ ထို့အပြင် ရွာသားတစ်ဦးသည် ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဓာတ်ပုံတွင် ထိုဖြစ်စဉ်အတွင်း မီးလောင်ပျက်စီးသွားသည့် ရွာသားတစ်ဦး၏ဘက်စုံသုံး စက်ကိရိယာကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စု၊ ဆဂ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် SAC စစ်သားများသည် ဆဂ--- အထက်တန်းကျောင်း ပေါ်တွင် ယာယီစခန်းချခဲ့ပါသည်။ အဆိုပါ အထက်တန်းကျောင်းသည် SAC အုပ်ချုပ်မှုအောက်တွင်ရှိသည့်ကျောင်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဒေသခံ PDF တပ်ဖွဲ့ဝင်များသည် အဆိုပါ အထက်တန်းကျောင်းကွင်းတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တုံ့ပြန်သည့်အနေဖြင့် SAC လေယာဉ်တစ်စင်းမှ တိုက်ပွဲဖြစ်ပွားသည့် အနီးအနားတွင် ဗုံးများကြဲချခဲ့ပါသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကျောင်း အဆောက်အဦး နှစ်ခု၊ ရွာသား (၂၂) ဦး၏ နေအိမ်များနှင့် အိမ်အတွင်းရှိ ပစ္စည်းများအားလုံး ပျက်စီးသွားခဲ့ပါသည်။ ဤဓာတ်ပုံတွင် တိုက်ခိုက်မှုကြောင့် သယ်ယူပို့ဆောင်ရေး နှင့် လယ်ယာထွန်ယက်ခြင်းကဲ့သို့သော အသက်

| | |
|---|---|
| | မွေးဝမ်းကြောင်း လုပ်ငန်းများတွင်အသုံးပြုသည့် ရွာသားများ၏ ဘက်စုံသုံးစက်ကိရိယာပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။[6] *(ဓာတ်ပုံ – KHRG)* |

| | |
|---|---|
|  | ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဘဈ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ထီးသဘလုထကျေးရွာအုပ်စုရှိ ကစယ် သဲဖလယ် (တောင်သုံးလုံး) တပ်စခန်းရှိ SAC စစ်သားများသည် မာထော, ထီးသဘလုထ, ကတိုင်တိ, နှင့် လေးဖိုးထ ကျေးရွာအုပ်စုများအတွင်းသို့ မကြာခဏ လက်နက်ကြီးများ ပစ်ခတ်လေ့ရှိပါသည်။ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုကြောင့် အရပ်သားများနှင့် အိမ်မွေးတိရိစ္ဆာန်များထိခိုက်သေဆုံးမှု၊ ပိုင်ဆိုင်မှုများထိခိုက်ပျက်စီးမှု၊ နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းလုပ်ဆောင်ရန်အတွက် အန္တရာယ်များ ပိုမိုမှုရှိခဲ့ပါသည်။ ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဘဈ--- ကျေးရွာအတွင်း လက်နက်ကြီးပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက် ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံတွင် နော် ဆအ--- ပိုင်ဆိုင်သည့် စပါးကျီအပါအဝင် စပါးကြိတ်စက်၊ အိမ်နှင့် အခြားပစ္စည်းများပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)* |


| | |
|---|---|
|  |  |
| ဤဓာတ်ပုံကို ၂၀၂၅ ခုနှစ်၊ မတ်လတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မြေတွင်းကျေးရွာအုပ်စု၊ ဘတ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် တုံးတောတပ်ရင်းဟုသည့် အများသိကြသည့် SAC ခမရ (၅၉၉) သည် ၎င်းတို့စခန်းအနီးအနားရှိ ခြုံများကို ရှင်းလင်းရန် မီးရှို့ခဲ့ကြပါသည်။ မီးရှို့မှုကြောင့် မီးများသည် ဘတ--- နှင့် ဘဌ--- ကျေးရွာများသို့ | |

[6] KHRG, “Dooplaya District Short Update: SAC shelling and air strikes resulted in civilian casualties, property destruction and displacement, in Kruh Tuh Township, December 2023.”, August 2024.

ကူးစက်သွားပြီး ရွာသား (၄၂) ဦး၏ အိမ်များ မီးလောင်ပျက်စီးသွားပါသည်။ ဤကူးစက်မီးလောင်မှုသည် ထိခိုက် သေဆုံးမှုများ ဖြစ်စေသည့် ယခင်က လက်နက်ကြီးပစ်ခတ်မှုများကြောင့် ရွာသားများမှ အခြားနေရာများသို့ ထွက်ပြေး တိမ်းရှောင်နေချိန်တွင် ဖြစ်ပွားခဲ့ပါသည်။ စစ်ရှောင်စခန်းတွင် ရှိနေသော ရွာသားများသည် မီးခိုးထွက်နေသည့် ကျေးရွာကို မြင်ရပြီး မီးငြိမ်းသတ်ရန်နှင့် ၎င်းတို့၏ အိမ်များ၊ ပစ္စည်းများကိုကာကွယ်ရန် ကြိုးစားခဲ့ပါသည်။ သို့သော်လည်း အားလုံးကိုမကာကွယ်နိုင်ခဲ့ပါ။ ဘယ်ဘက်ဓာတ်ပုံတွင် မီးလောင်ပျက်စီးသွားသည့် လယ်ထွန်စက်ကို ဖော်ပြထားပြီး၊ ညာဘက်ဓာတ်ပုံတွင် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် အသုံးပြုသည့် လယ်ယာသုံးစက် မီးလောင်ပျက်စီးသွားသည်ကို ဖော်ပြထားပါသည်။ မီးလောင်မှုကြောင့်ကြောင့် လယ်ယာသုံးစက်များနှင့် ကိရိယာများစွာလည်း ပျက်စီးဆုံးရှုံးသွားခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေးကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဘရ--- ကျေးရွာအတွင်း နှင့် နီးစပ်ရာ နေရာများတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ၂၀၂၄ ခုနှစ်၊ မတ်လ ၂၅ ရက်၊ မနက် (၁၀) နာရီ (၄၀) မိနစ်အချိန်တွင် SAC လေယာဉ်တစ်စင်းမှ ဘရ--- ကျေးရွာအတွင်းသို့ ဗုံးများ ကြဲချခဲ့ပါသည်။ ထို့ကြောင့် အရပ်သား နှစ်ဦး၏နေအိမ်များ၊ နွားတင်းကုတ်၊ သရက်ပင်များ၊ အုန်းသီးပင်များနှင့် ရွာသားများ ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် စိုက်ပျိုးထားသည့် အခြားအပင်များ ပျက်စီးသွားခဲ့ပါသည်။ အဆိုပါနေအိမ်များနှင့် နွားတင်းကုတ်၏ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၀ သန်းခန့်ရှိပါသည်။ ဓာတ်ပုံတွင် ပျက်စီးသွားသည့်နေအိမ်တစ်လုံးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖြစ်သည့် စပါးကြိတ်ခြင်းနှင့် စပါး၊ ပဲ၊ မြေပဲ၊ နှမ်း စိုက်ပျိုးခြင်းတွင် တွင်အသုံးပြုသည့် စက်တစ်လုံး ပျက်စီးနေပုံကို ဖော်ပြထားပါသည်။ အဆိုပါပျက်စီးသွားသည့်အိမ်များသည် ဦးဒရ--- နှင့် ဦးဒစ--- တို့၏အိမ်များဖြစ်ပြီး၊ နွားတင်းကုတ်သည့် ဦးဘစ--- ၏နွားတင်းကုတ်ဖြစ်ပါသည်။ *(ဓာတ်ပုံ– KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ အိအယ်ကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ မောလေးကျေးရွာအုပ်စု၊ ပန့်ကလား တပ်စခန်းတွင် အခြေစိုက်သော စကခ (၈) မှ SAC စစ်သားများသည် ဘဖ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ပထမဆုံးပစ်ခတ်လိုက်သော ၁၂၀ မမ လက်နက်ကြီးသည် စောဘထ--- ၏နေအိမ်အနားရှိ လမ်းပေါ်သို့ကျရောက်ခဲ့ပြီး အဆိုပါနေအိမ်၏အမိုးနှင့် နံရံများကို ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ဒုတိယအကြိမ်ပစ်ခတ်လိုက်သော လက်နက်ကြီးသည် စောဘည--- ပိုင်ဆိုင်သည့်တဲအနီးသို့ ကျရောက်ခဲ့ပြီး ဓာတ်ပုံတွင်မြင်ရသည့်အတိုင်း ဆိုလာပြား ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် မူတြော်ခရိုင်၊ ဖြဲလိုမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စု၊ ဆဘ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ညနေ (၃) နာရီခန့်တွင် တောင်သုံးလုံးတပ်စခန်း တွင် အခြေစိုက်၍ SAC တပ်ဖွဲ့ဝင်များသည် ဆဘ--- ကျေးရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးပေါက်ကွဲမှု အပိုင်းအစများကြောင့် စော ဆဆ--- ၏ စပါးကြိတ်စက်နှင့် အခြားကိရိယာများ ပျက်စီးသွားခဲ့ပါသည်။ ထို့အပြင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် နော် ဆဒ--- နှင့် စော ဆဃ--- ၏နေအိမ် နှစ်လုံးလည်း ထိခိုက်ပျက်စီးခဲ့ပါသည်။*(ဓာတ်ပုံ– KHRG)*

## သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦးများနှင့် ယဉ်များအားဖျက်ဆီးမှု သက်သေခံဓာတ်ပုံအထောက်အထားများ



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဖာပွန်မြို့၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံတွင် ဖာပွန်မြို့အတွင်း SAC လေကြောင်းတိုက်ခိုက်မှုကြောင့် ဖြစ်ပွားသည့်ပျက်စီးမှုများကို ဖော်ပြထားပါသည်။ ဤတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦး၏ နေအိမ်၊ ဆိုင်တစ်ဆိုင်နှင့် ကားတစ်စင်း ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ပိုင်ဆိုင်မှုများသည် ရွာသားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကလိုအပ်သည့်အရာများဖြစ်ပါသည်။ လေကြောင်းတိုက်ခိုက်မှုများသည် KNLA ပူးပေါင်းတပ်ဖွဲ့များနှင့် SAC အကြားဖြစ်ပွားသည့် ဖာပွန် SAC တပ်စခန်းတိုက်ပွဲအတွင်း ဖြစ်ပွားခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*





ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မူးအထူးဒေသ၊ အဘ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၏ နောက်ဆုံးအပတ်တွင် ခမရ (၄၃၉)၊ (၆၀)၊ (၅၂၈) လက်အောက်ခံ မူးအထူးဒေသ၊ ရွှေဝတပ်စခန်းအခြေစိုက် SAC စစ်သားများသည် ကျေးရွာများအတွင်း မြေမြှုပ်မိုင်းထောင်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်း၊ နေအိမ်များမီးရှို့ခြင်းအပါအဝင် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် အဘ---၊ အဆ---၊ အဒ---နှင့် အဃ--- ကျေးရွာများရှိ ရွာသားအများအပြား၏ နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရပါသည်။ ရွာသားများသည် အစားအစာနှင့် အခြားလိုအပ်သောပစ္စည်းများသို့ ပြန်လည်ယူဆောင်ရန်အတွက် နေအိမ်များသို့ ပြန်သွားရန် လုံခြုံမှုမရှိကြောင်း ခံစားရပါသည်။ ရွာသားများသည် မူးအထူးဒေသ၊ အဃ--- ကျေးရွာရှိ စစ်ရှောင်စခန်း သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ဓာတ်ပုံများတွင် အဘ--- ကျေးရွာရှိ မော်တော်ဆိုင်ကယ်များနှင့် စက်ပစ္စည်းများ အပါအဝင် ရွာသားများ၏ နေအိမ်များနှင့် ပိုင်ဆိုင်မှုများသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် SAC စစ်သားများ၏ မီးရှို့ဖျက်ဆီးမှု ခံခဲ့ရသည့်အခြေအနေကို ဖော်ပြထားပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် အဆ--- ကျေးရွာမှ ရွာသားတစ်ဦးသည် အဘ--- ကျေးရွာတွင် ဆန်နှင့် အခြားအစားအစာ၊ စောင်၊ အိုးနှင့် ဒန်ခွက်စသည့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ သယ်ဆောင်နေစဉ် မြေမြှုပ်မိုင်းနင်းမိ၍ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။ *(ဓာတ်ပုံ – KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ထူးဝါးစဲကျေးရွာအုပ်စု၊ ဆဟ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် SAC ၏ ခလရ (၂၆၄) သည် ဆဟ--- ကျေးရွာအတွင်းသို့ ၁၅၅ မမ လက်နက်ကြီးများ ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးပေါက်ကွဲမှုတွင် လွင့်စင်သည့်အပိုင်းအစများကြောင့် ရွာသားများ၏ ပိုင်ဆိုင်မှုများဖြစ်သည့် နေအိမ်များ, အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် အသုံးပြုသည့်ကိရိယာများနှင့် ဓာတ်ပုံတွင် ဖော်ပြထားသည့်အတိုင်း စက်ဘီးကဲ့သို့သော သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုသည့် စက်ပစ္စည်းများပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*







ဤဓာတ်ပုံနှစ်ပုံကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဘောရှည်နယ်မြေ၊ ဆမ--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံတွင် တောအူးခရိုင်၊ ပရောလိုကျေးရွာအုပ်စု၊ ဆမ--- ကျေးရွာအနီးရှိ လမ်းကြီးပေါ်ရှိ အများပြည်သူသုံး တံတားတစ်စင်းကို ဖုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားခြင်းကို ဖော်ပြထားပါသည်။ ဩဂုတ်လ ၂၀ ရက်နေ့ နံနက်စောစောအချိန်တွင် ဖြစ်ပွားခဲ့ပါသည်။ ဤနယ်မြေတွင် လက်နက်ကိုင်တပ်ဖွဲ့အများအပြား တည်ရှိနေခြင်းကြောင့် ရွာသားများအနေဖြင့် မည်သည့်အဖွဲ့မှ တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း မသိကြပါ။ ထို့ကြောင့် ရွာသားများသည် သယ်ယူပို့ဆောင်ရေး အခက်အခဲများကို ကြုံတွေ့နေရပြီး ၎င်းတို့၏အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ထိခိုက်နစ်နာစေပါသည်။ *(ဓာတ်ပုံ – KHRG)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် တောအူးခရိုင်၊ ထန်းတပင်မြို့နယ်၊ ဒေးလိုအနောက်ဘက်ဒေသ၊ ဆက--- ကျေးရွာအနီးရှိ လယ်ခင်းတစ်ခု၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့၊ ညနေ (၆) နာရီ (၄၅) မိနစ်အချိန်တွင် သံတောင်ကြီးမြို့၊ လေးမိုင်တပ်စခန်းအခြေစိုက် ခလရ (၃၉) မှ SAC တပ်ဖွဲ့ဝင်များသည် အရပ်သားနေရာများသို့ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှု ၃ ကြိမ်ပြုလုပ်ခဲ့ပါသည်။ လက်နက်ကြီးတစ်လုံးသည် အသက် (၄၇) နှစ်အရွယ် ရွာသား တစ်ဦးဖြစ်သူ ဆလ--- အိမ်အနီးရှိ ၎င်း၏ ကွမ်းသီးခြံ ထဲတွင် ကျရောက်ခဲ့သည်။ လက်နက်ကြီးပေါက်ကွဲမှုတွင် လွင့်စင်သည့် အပိုင်းအစများကြောင့် ထိုရွာသား၏မျက်ခုံးအနီးတွင်ဒဏ်ရာ ရရှိခဲ့ပါသည်။ ထို့အပြင် ဓာတ်ပုံထဲတွင်ဖော်ပြထားသည့်အတိုင်း ကွမ်းသီးပင်များ၊ သရက်ပင်များ၊ တဲအိမ်နှင့် အလုပ်လုပ်ရာတွင်


| | |
|---|---|
| | အသုံးပြုသည့် မော်တော်ဆိုင်ကယ်တစ်စီးပျက်စီးသွားပါသည်။[7] *(ဓာတ်ပုံ- ဒေသခံရွာသား)* |

## အရပ်သားများ နေ့စဉ်အသက်မွေးဝမ်းကြောင်း လုပ်ငန်းလုပ်ဆောင်နေချိန် လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများကို ဖော်ပြသည့်သက်သေခံဓာတ်ပုံအထောက်အထားများ




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် မြိတ် ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဆန--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကော်သူးလေတပ်မတော် (KTLA) စစ်သားများသည် ဆန--- ကျေးရွာအနီးရှိ KTLA စစ်ဆေးရေးဂိတ်၌ ဘတ်စ်ကားတစ်စီးကို စစ်ဆေးစဉ် ကျည်ခွံနှစ်ခုတွေ့ရှိခဲ့ပါသည်။ ထို့နောက် စစ်သားများသည် ယာဉ်မောင်း နှင့် အမျိုးသားခရီးသည် (၆) ဦး ကို ဘတ်စ်ကားပေါ်မှ ဆင်းရန် အမိန့်ပေးကာ၊ အင်္ကျီချွတ်ရန်နှင့် မိုးရွာနေချိန် လမ်းပေါ်တွင် လှဲနေရန် ထပ်မံအမိန့်ပေးခဲ့ပါသည်။ ထို့နောက် တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိပဲ ရိုက်နှက်ခဲ့ပါသည်။ ရွာသားများကို မနက် (၈) နာရီတွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး KTLA စစ်ဗိုလ်တစ်ဦး စစ်ဆေးရေးဂိတ်သို့ ရောက်လာသည့်အချိန် နေ့လည် (၁၁) နာရီအချိန်တွင်သာ လွှတ်ပေးခဲ့ပါသည်။ ထိုစစ်ဗိုလ်မှ ရွာသား များအား လျော်ကြေး ကျပ် ၁၅၀,၀၀၀ ပေးခဲ့သော်လည်း ပြန်လည်တောင်းပန်ခြင်း တစ်စုံတစ်ရာမပြုလုပ်ခဲ့ပါ။ *(ဓာတ်ပုံ- KHRG)*

[7] KHRG, *"Taw Oo District Short Update: SAC indiscriminate shelling killed one villager and injured six, including children, and destroyed villagers' property in Daw Hpah Hkoh and Htaw Ta Htoo Townships (October and December 2024)",* February 2025.



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ မြောက်ကြာအင်းကျေးရွာအုပ်စု၊ ဆထ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကော်တရိမြို့နယ်အခြေစိုက် စကခ ၁၂ လက်အောက်ခံအမြောက်တပ် အမှတ် ၅၄၅ မှ စစ်သားများသည် ဆထ--- ကျေးရွာအတွင်းသို့ လက်နက်ကြီး စုစုပေါင်း ၆ လုံးကို ၂ ကြိမ်ခွဲ၍ ပစ်ခတ်ခဲ့ကြသည်။ ဤ ပစ်ခတ်မှုကြောင့် လက်နက်ကြီးအပိုင်းအစများထိမှန်၍ ဓာတ်ပုံထဲတွင်ဖော်ပြထားသည့်အတိုင်း လယ်ကွင်းထဲတွင် နွားကျောင်းနေသည့် ဦးဆည--- အမည်ရှိသူ ရွာသားတစ်ဦး သေဆုံးသွားခဲ့ပါ သည်။[8] *(ဓာတ်ပုံ – ကရင်အမျိုးသားအစည်းအရုံး (KNU) မီဒီယာအဖွဲ့)*




ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် တောအူးခရိုင်၊ ထန်းတပင်မြို့နယ်၊ ရေသိုးကြီးကျေးရွာအုပ်စု၊ ဆစ--- နှင့် ဆတ--- ကျေးရွာအကြားရှိ စိုက်ပျိုးခြံများ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် SAC စကခ (၂၀) တပ်စခန်း (ထန်းတပင်မြို့နယ်၊ ကော်သေးဒဲ ကျေးရွာအုပ်စု၊ ဆရ--- ကျေးရွာအနီး)၊ သစ်စေးတောင်တပ်စခန်း (ထောတထူမြို့နယ်)၊ နှင့် ပြောင်းသိုတပ်စခန်း (ဒေါ်ဖားခိုမြို့နယ်) မှ စစ်သားများသည် လမ်းနှင့် ရွာသားများ၏ စိုက်ပျိုးခြံများအပါအဝင် အရပ်သားနေရာများသို့ ၁၂၀ မမ နှင့် ၆၀ မမ လက်နက်ကြီး ၁၀ လုံးခန့်ကို စုပေါင်းပစ်ခတ်ခဲ့ကြပါသည်။ ပစ်ခတ်မှုပြုလုပ်နေအချိန်တွင် ရွာသား (၆) ဦးသည် ခြံထဲ၌ အလုပ်လုပ်ကိုင်နေကြပြီး လက်နက်ကြီးပေါက်ကွဲမှုကြောင့် အသက် (၃၀) ကျော်အရွယ်ရှိသူ စောဆဌ--- သေဆုံးခဲ့ပြီး အသက် (၅၅) နှစ်အရွယ်ရှိသူ နော်ဆဖ--- ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရွာသားများသည် တောအူးမြို့မှ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် စေတနာ့ဝန်ထမ်းအဖွဲ့တစ်ခု၏ ကားကိုခေါ်ယူခဲ့သည်။ ထိခိုက်သူများကို ဆေးကုသရန် တောအူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။ ထိုဆေးရုံသည် အစိုးရဆေးရုံဖြစ်ပါသည်။ ဘယ်ဘက်ဓာတ်ပုံသည်ဖြစ်စဉ် ဖြစ်ပွားသည့်နေရာတွင် ထိခိုက်ဒဏ်ရာရရှိသူ ရွာသားတဦး၏ ရော်ဘာဘွတ်စ်ဖိနပ်ကို ဖော်ပြထားပါသည်။ ညာဘက်ဓာတ်ပုံသည် ရွာသားဖြစ်သူ စောအဌ--- ၏ခြံထဲတွင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့်ကွမ်းသီးပင်များကို ဖော်ပြပါသည်။[9] *(ဓာတ်ပုံ – KHRG)*

---

[8] KHRG, "Dooplaya District Incident Report: SAC shelling killed a villager in Kruh Tuh Township, October 2024", April 2025.

[9] KHRG, "Taw Oo District Incident Report: SAC shelling killed a villager, injured another villager, and damaged a plantation in Htaw Ta Htoo Township (November 2024)", June 2025.



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ဒတ--- နယ်မြေ၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံတွင် ဆပ--- နယ်မြေမှ အသက် (၃၃) နှစ်အရွယ် ယာဉ်မောင်း ကိုဆဝ--- အမည်ရှိသူ ရွာသားတဦးကို ဖော်ပြထားပြီး၊ ၎င်းသည် ယာဉ်မောင်းအဖြစ် အသက်မွေးဝမ်း ကြောင်းလုပ်ကိုင်နေသူ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကိုဆဝ--- သည် တောင်ငူမြို့မှ ရေသိုးလေးမြို့သို့ သွားသည့် ဘတ်စ်ကားတစ်စင်းကို မောင်းနှင်လာခဲ့ပါသည်။ ဆပ--- နယ်မြေသို့ ရောက်ရှိချိန်တွင် (စစ်ဝတ်စုံအပြည့်အစုံ မဝတ်ဆင်ထားသော) SAC စစ်သား အနည်းဆုံး (၆) ဦး မှ ၎င်းကိုကားရပ်ရန်နှင့် ကားပေါ်မှဆင်းရန် အမိန့်ပေးခဲ့ကြသည်။ စစ်သားများသည် ၎င်းကို သေနတ်များဖြင့် ဆက်တိုက် ချိန် ထားခဲ့ကြသည်။ ၎င်းသည် ဘတ်စ်ကားပေါ်မှ ဆင်းချိန်တွင် စစ်သားများမှမြေပြင်ပေါ်တွင်လှဲနေရန် အမိန့်ပေးကာ စစ်သားတစ်ဦးမှသေနတ်ဖြင့် ၎င်း၏ဦးခေါင်းကို ရိုက်နှက်ခဲ့ပါသည်။ ထို့အပြင် ၎င်း၏ဖုန်းကိုလုယူကာ ငွေ ၁၅၀,၀၀၀ ကျပ် ကိုလည်းသိမ်းခဲ့ကြပါသည်။ ထို့အပြင် စစ်သားများသည် အသက် (၂၁) နှစ်အရွယ် ကားခကောက်ယူသူကိုလည်း ပြင်းထန်စွာကန်ခဲ့သောကြောင့် ၎င်းမှ ဘတ်စ်ကား အောက်သို့ လဲကျသွားခဲ့သည်။ ဖြစ်စဉ်တစ်ခုလုံးသည် (၃) မိနစ်ခန့်ကြာမြင့်ခဲ့ပြီး ၎င်းတို့ကိုလွှတ်ပေးခဲ့ပါသည်။ ကိုဆဝ--- သည် ပြင်းထန်သည့်ဦးခေါင်းဒဏ်ရာရရှိခဲ့ပြီး ဆခ--- ဆေးခန်းသို့ ကုသမှုရယူရန် သွားရောက်ရာတွင် ပေါက်ကွဲဒဏ်ရာကို (၈) ချက်ချုပ်ခဲ့ရပါသည်။ ကိုဆဝ--- သည် ဆရ--- နယ်မြေတွင် ယာဉ်မောင်းအဖြစ် အသက်မွေးဝမ်းကြောင်းလုပ်ကိုင်နေခဲ့ပါ သည်။ ထိုနေ့တွင် ဘတ်စ်ကား ၅ စီးခန့် ဓားမြတိုက်ခံခဲ့ကြ သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*

## လယ်ယာထွက်နှုန်းအပေါ် သဘာဝဘေးဒဏ်များ၏ သက်ရောက်မှုများကို ဖော်ပြသည့် သက်သေခံ ဓာတ်ပုံအထောက်အထားများ




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ဘားအံခရိုင်၊ တာကရယ်မြို့နယ်၊ နို့ခွိုးကျေးရွာအုပ်စု၊ ဒဖ--- ကျေးရွာအနီး လယ်ကွင်းတစ်ခု၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရေကြီးရေလျှံခြင်းကြောင့် ရွာသားတဦး၏ လယ်ယာပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ ထို့အပြင် နို့ခွိုးတံတားသည်လည်း ရေကြီးခြင်းကြောင့် ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ဘားအံခရိုင်၊ တာကရယ်မြို့နယ်၊ ကြက်တူရွေးကျေးရွာအုပ်စု၊ ဒဌ--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရေကြီးရေလျှံခြင်းကြောင့် ဒဌ--- ကျေးရွာအနီးရှိ လမ်းပေါ်တွင်တည်ရှိသည့် တံတားတစ်စင်း ပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လတွင် မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဆယ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံတွင် ဆယ--- ကျေးရွာရှိ လယ်ခင်းတစ်ခုထဲရှိ စပါးပင်များသည် အင်းဆက်ပိုးမွှား ကျရောက်သောကြောင့် ပျက်စီးသွားမှုကို ဖော်ပြထားပါသည်။ အင်းဆက်ပိုးမွှားကျရောက်သောကြောင့် စပါးပင်များသည် အနီရောင်သန်းနေပါသည်။ လယ်သမားများအားလုံးနီးပါး ပိုးကျရောက်ခြင်းခံရသောကြောင့် ဆန်မလုံလောက်မှု ဖြစ်ပေါ်ခဲ့ပါသည်။ ရွာသားများသည် ပိုးကျမှုကို ထိန်းချုပ်ရန် ပိုးသတ်ဆေးဝယ်ယူ၍ ဆေးဖြန်းခဲ့သော်လည်း ထိရောက်မှုမရှိခဲ့သောကြောင့် စပါးပင်များစွာ ဆုံးရှုံးခဲ့ရပါသည်။ ထို့အပြင် ရွာသားများသည် SAC စစ်သားများ၏ လက်နက်ကြီး ရမ်းသန်းပစ်ခတ်မှုနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် မလုံခြုံသည့်အခြေအနေတွင် နေထိုင်နေရခြင်းကြောင့် နောင်နှစ်အတွက် အစားအစာ မလုံလောက်မှုနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်နေရပါသည်။ *(ဓာတ်ပုံ – KHRG)*



ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ရွာတန်းရှည်ကျေးရွာအုပ်စု၊ ဒထ--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် အံဖ၊ ကော့နွဲ့၊ စက်ကဝက်၊ တရေတကော် ကျေးရွာအပါအဝင် ရွာတန်းရှည်ကျေးရွာအုပ်စုရှိ ၂၀၂၄ ခုနှစ်၊ သြဂုတ်လတွင် ရေကြီး ရေလျှံခြင်းခံခဲ့ရသည့် ရွာသားများ၏ လယ်ယာများကို ဖော်ပြထားပါသည်။[10] *(ဓာတ်ပုံ– KHRG )*

[10] KHRG, *“Dooplaya District Situation Update: SAC shelling, militarisation and air strikes causing casualties, displacement, and education, healthcare and livelihood challenges in Kaw T’Ree Township (January to August 2024)”*, December 2024.




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ မနသန်ကျေးရွာအုပ်စု၊ ဒည--- ကျေးရွာအနီး လယ်ခင်းတစ်ခုထဲ၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ဒည--- ကျေးရွာရှိ စပါးများသည် ရေကြီးခြင်းကြောင့် ပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ ထို့နောက် ကျန်ရှိနေသေးသည့် စပါးများသည် ပိုးမွှား ကျရောက်မှုရင်ဆိုင်ခဲ့ရပြီး စပါးများသည် အဝါရောင်သန်း၍ သေဆုံးသွားခဲ့ပါသည်။ *(ဓာတ်ပုံ – KHRG)*

## ရွာသားများ၏ စွမ်းရည်ပရိယာယ်များနှင့် ခံနိုင်ရည်ရှိပုံကိုဖော်ပြသည့် ဓာတ်ပုံအထောက်အထားများ





ဤဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ဝင်းတာပန်ကျေးရွာအုပ်စု၊ အ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ အစည်း (KNDO) တပ်ရင်း ၂ သည် SAC ၏ စကခ ၆ လက်အောက်ခံ ခမရ (၄၁၀) နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း ကမမောင်း တပ်စခန်းရှိ ခမရ (၉) နှင့် ခမရ (၃) မှ SAC စစ်သားများသည် အ--- ကျေးရွာသို့ ၆၀ မမ, ၇၉ မမ နှင့် ၁၂၀ မမ လက်နက်ကြီးများကို နေ့ရောညပါ ရမ်းသန်းပစ်ခတ်ခဲ့ကြပါသည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် စော ဖ--- (အသက် ၂၁ နှစ်) နှင့် စော ထ--- (အသက် ၄၀ နှစ်) တို့၏ နေအိမ် ၂ လုံး ထိခိုက်ပျက်စီးသွားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အ--- တပ်စခန်းမှ SAC စစ်သားများသည် ၆၀ မမ လက်နက်ကြီး ၃ လုံးကို အ--- ကျေးရွာသို့ ပစ်ခတ်ခဲ့ကြပါသည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှု ကြောင့် ရွာသားဖြစ်သူ စောည--- ၏နေအိမ်တစ်လုံးလည်း မီးလောင်ပျက်စီးသွားခဲ့ပါသည်။ ဓာတ်ပုံထဲတွင် မီးလောင်ကျွမ်းသွား သော စောည--- ၏ နေအိမ်အပိုင်းအစများကို ဖော်ပြထားပါသည်။ ညာဘက်ဓာတ်ပုံတွင် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် SAC လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်လောင်ကျွမ်းသွားသော စစ်ဘေးရှောင်ရွာသားတစ်ဦးကို ဖော်ပြထားပါသည်။ ၎င်းသည် ပစ္စည်းများကို မီးမလောင်ကျွမ်းစေရန်နှင့် အခြားအိမ်များသို့ မီးမကူးစေရန် ပုံတွင်ဖော်ပြထားသကဲ့သို့ နေအိမ်သို့ပြန်၍မီးသတ်ရန် ကြိုးစားခဲ့ပါသည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*





ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ မူးအထူးနယ်မြေ၊ ဒသ--- ကျေးရွာ၌ ရိုက်ကူးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရွှေဝတပ်စခန်းမှ SAC ၏ ခမရ (၄၃၉) မှ ဒသ--- ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်မှု ပြုလုပ်ခဲ့ပါသည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ရွာသားများ၏ နေအိမ်များ ပျက်စီးခဲ့ပြီး နွားတစ်ကောင်သေဆုံးခဲ့ပြီး အခြားနွားတစ်ကောင် ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ ဓာတ်ပုံတွင် ဦး ဒက--- နှင့် ဒေါ် ဒလ--- ၏ နွားခြေထောက်တွင် ဒဏ်ရာရသည့်ပုံကို ဖော်ပြထားပါသည်။ ရွာသားများသည် နွားကို ကယ်တင်ရန်နှင့် လာမည့်နှစ်များအတွက် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများအတွက် နွား၏ဒဏ်ရာကို ကုသပေးခဲ့ကြပါသည်။ *(ဓာတ်ပုံ – KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မိနန်းအပ်ကျေးရွာအုပ်စု၊ ဒန--- ကျေးရွာရှိ စိုက်ခင်းတစ်ခု၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် မိနန်းအပ်ကျေးရွာအုပ်စုမှ စစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် လုံခြုံသောနေရာတစ်ခုသို့ ယူဆောင်လာသော မြေပဲပင်များကို ပြင်ဆင်နေသည့်ပုံကို ဖော်ပြထားပါသည်။ SAC မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နှင့် ၂၉ ရက်နေ့များတွင် မိနန်းအပ်ကျေးရွာအုပ်စုအနီးရှိ ကျိုက်ဒုံမြို့ထဲသို့ လက်နက်ကြီး ပစ်ခတ်မှုအပါအဝင် အရပ်သားနေရာ များသို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ *(ဓာတ်ပုံ– KHRG)*




ဤဓာတ်ပုံကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ မက္ကသာကျေးရွာအုပ်စု [လုံခြုံရေးအတွက် နေရာအသေးစိတ်ကိုဖျက်ထားသည်] ၌ ရိုက်ယူခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ရိတ်သိမ်းအချိန်တန်တော့မည့်စပါးခင်းတစ်ခုထဲတွင် ဒပ--- ကျေးရွာအပါအဝင် ကျေးရွာအများအပြားမှ စစ်ရှောင်ရွာသားများကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၁ ရက်နေ့တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက် SAC စစ်သားများမှ လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုပြုလုပ်ခဲ့သောကြောင့် ရွာသားများသည် မလုံခြုံသည့်အခြေအနေများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်းဖြစ်ပါသည်။ SAC စစ်သားများမှ ၎င်းတို့၏ နေအိမ်များကို မီးရှို့သွားခဲ့ကြောင်း စစ်ရှောင်ရွာသားအချို့မှ KHRG သို့ တင်ပြထားပါသည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*





ဤဓာတ်ပုံနှစ်ပုံကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဇရပ်ကြီး တောင်ပိုင်းဒေသ၊ ဆစျ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေ (၇) နာရီအချိန်တွင် SAC ၏ ခလရ (၇၃) မှ ဆစျ--- ကျေးရွာအတွင်းသို့ လက်နက်ကြီးပစ်ခတ်မှု ပြုလုပ်ခဲ့ပါသည်။ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ် (၉) လုံး မီးလောင်ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ နေအိမ်များသည် ဦး ဒအ---၊ ဦး ဒဘ---၊ ဦး ဒဆ---၊ ဦး ဒဒ---၊ ဦး ဒဃ---၊ ဒေါ်ဒဗ---၊ ဦး ဒဂ---၊ ဦး ဒဟ--- နှင့် ဦး ဒဇ--- တို့၏အိမ်များဖြစ်ပါသည်။ ဓာတ်ပုံထဲတွင် ရွာသားများမှ မီးသတ်နေသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*







ဤဓာတ်ပုံ နှစ်ပုံကို ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်၊ အနန်းကွင်းကျေးရွာအုပ်စုရှိ လှိုင်ဂူတစ်ခုထဲ၌

ရိုက်ယူခဲ့ပါသည်။ SAC မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ဝေါ်ရေမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စုတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ပြီးနောက် စစ်ဘေးရှောင်နေရသောရွာသားများကို ဖော်ပြထားပါသည်။ ဘယ်ဘက်ဓာတ်ပုံတွင် ရွာသားများသည် ကုန်ပစ္စည်းများကို စစ်ရှောင်နေရာသို့ယူဆောင်သွားကာ စားဝတ်နေရေးအတွက် ဆိုင်လေးတစ်ဆိုင်ဆက်လက်ဖွင့်ထားသည်ကို ဖော်ပြထားပါသည်။ ညာဘက်ဓာတ်ပုံတွင် ရွာသားများသည် အသက်မွေးဝမ်းကြောင်း လိုအပ်ချက်များကို ဖြည့်ဆည်းရန် စစ်ရှောင်နေရာသို့ ယူဆောင်လာသော ကွမ်းသီးအခွံ ခုတ်နေကြသည်ကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)*















ဤဓာတ်ပုံ ငါးပုံကို ၂၀၂၄ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ အံဖကြီးကျေးရွာအုပ်စု၊ ဆဗ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် SAC စစ်သားများမှ ဆဗ--- ကျေးရွာသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သောကြောင့် ရွာသားများ၏ နေအိမ်များ၊ ပိုင်ဆိုင်မှုများနှင့် အဖိုးတန်ပစ္စည်းများကို ထိခိုက်ပျက်စီးခဲ့ပါသည်။ ဓာတ်ပုံများထဲတွင် (လယ်ထွန်စက်ကဲ့သို့သော) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် အသုံးပြုသည့် စက်ပစ္စည်းများ၊ (မော်တော်ဆိုင်ကယ်ကဲ့သို့သော) သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ နေအိမ်များနှင့် (ရွှေ၊ ငွေ ကဲ့သို့သော) အဖိုးတန်ပစ္စည်းများ ပျက်စီးသွားသည့်ပုံကို ဖော်ပြထားပါသည်။ ထို့အပြင် ရွာသားများ၏ အိမ်မွေးတိရစ္ဆာန်များလည်း ထိခိုက်သေဆုံးသွားခဲ့ပါသည်။ အထက်တွင်ရှိသော ဓာတ်ပုံနှစ်ပုံနှင့် အလယ်ဘယ်ဘက်ဓာတ်ပုံတွင် လယ်ထွန်စက်နှင့် လယ်ယာကိရိယာများ ပျက်စီးသွားသည့်ပုံကို ဖော်ပြထားသည်။ အလယ်ညာဘက်ဓာတ်ပုံတွင် ရွာသားတဦး၏ မော်တော်ဆိုင်ကယ်ပျက်စီးသွားသည့်ပုံကို ဖော်ပြထားသည်။ ဘယ်ဘက်အောက်တွင်ရှိသောဓာတ်ပုံတွင် အမျိုးသမီးတစ်ဦးသည် မိသားစု၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ကျန်ရှိနေသေးသည့်ပစ္စည်းများကို ရယူရန် ကြိုးစားနေသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)*

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။